# ချင်းအမျိုးသားတပ်ဦး စတုတ္ထအကြိမ် ပါတီညီလာခံ၏ သဘောထား ထုတ်ပြန်ကျေညာချက်

ချင်းအမျိုးသားတပ်ဦး၏ စတုတ္ထအကြိမ်ပါတီညီလာခံကို ဒီဇင်ဘာလ (၈) မှ (၁၃) ရက်နေ့အထိ Indo-Burma နယ်စပ်တွင် အောင်မြင်စွာကျင်းပခဲ့ပါသည်။ ပြည်တွင်းပြည်ပမှ ချင်းအမျိုးသား တပ်ဦးပါတီဝင် ညီလာခံ ကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ၊ လေ့လာသူများအပါအဝင် စုစုပေါင်း (၇၄) ဦးတက်ရောက်ခဲ့ကြပါသည်။

ဤပါတီညီလာခံတွင် ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်အဖြစ် ယခင်ညီလာခံများက ချမှတ်ထားသည့် ချင်းအမျိုးသားများ၏ မူလအခြေခံရပိုင်ခွင့်များ ပြန်လည်ရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေး၊ အမျိုးသား တန်းတူမှုကိုအခြေခံသော ပြည်နယ်ပေါင်းစုံဖက်ဒရယ် ပြည်ထောင်စု တည်ထောင်ရေးတို့ကို ညီလာခံ မှထပ်မံအတည် ပြုချမှတ်သည်။

ဤပါတီညီလာခံမှ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသားနိုင်ငံရေးပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေး အလို့ငှာ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် လူ့အခွင့်အရေးလေးစားကာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံတကာအသိုင်း အဝိုင်းမှတစိုက်မတ်မတ် တောင်းဆိုနေသော တိုင်းရင်းသားလူမျိုးစုများ၊ ၁၉၉၀ ခုနှစ်ရွေး ကောက်ပွဲအနိုင်ရ နိုင်ငံရေး ပါတီများနှင့် နအဖတို့ပါဝင်သည့် သုံးပွင့်ဆိုင်ဆွေးနွေးခြင်းဖြင့် ဖြေရှင်းခြင်းသည် သာလျှင်အကောင်းဆုံးသော နည်းလမ်းဖြစ်သည်ဟု ဤညီလာခံက အလေးအနက်ယုံကြည်သည်။

ချင်းအမျိုးသားတပ်ဦးသည် နအဖ၏ နိုင်ငံရေးလမ်းပြမြေပုံ အဆင့်ဆင့်ကို လက်မခံခဲ့သည်နှင့်အညီ အဆိုပါလမ်းပြ မြေပုံအရ ကျင်းပပြုလုပ်မည့် ၂၀၁၀ ခုနှစ်အထွေထွေရွေးကောက်ပွဲကိုလည်း လက်မခံကြောင်း ထုတ်ပြန်သည်။ သို့ရာ တွင် ချင်းအမျိုးသားများအနေဖြင့် နိုင်ငံရေးပါတီများထူထောင်၍သော်၎င်း၊ တသီးပုဂ္ဂလအနေ ဖြင့်သော်၎င်း ၂၀၁၀ခုနှစ် ရွေးကောက်ပွဲ၌ ပါဝင်ဆင်နွှဲမည်ဆိုလျှင် ၎င်းတို့အနေဖြင့် ချင်းပြည်သူလူထု ဆန္ဒကိုအမှန်တကယ် ဖြည့်ဆည်း ဖော်ထုတ်နိုင်ရေးအတွက် ကြိုးပန်းဆောင်ရွက် သင့်သည်ဟု ဤညီလာခံကတိုက် တွန်းသည်။

ချင်းအမျိုးသားအများစုက ဆက်လက်ရင်ဆိုင်လျှက်ရှိသည့် ဝါးသုန်းမှုကြောင့်ဖြစ်ပေါ်လာသော ငတ်မွတ်ခေါင်းပါးမှု ကပ်ဆိုးနှင့်ပါတ်သက်၍ ပြည်တွင်းပြည်ပမှ အကူအညီများပေးအပ်နေသည့် ချင်းအမျိုးသား အသင်း အဖွဲ့များ၊ ဘာသာ ရေးအသင်းအဖွဲ့များ၊ တသီးပုဂ္ဂလိကအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများအားလုံး ယခုထက်ပို၍ တက်ညီ လက်ညီလုပ်ဆောင်ကြရေးနှင့် အကူအညီများဤထက်ပို၍ ပေးအပ်ကြရန် ဤညီလာခံ မှမေတ္တာရပ်ခံသည်။

နအဖက ချင်းအမျိုးသားများ၏ မူလအခြေခံရပိုင်ခွင့်များအပေါ် မတရားဖိနှပ်ချုပ်ချယ်တားမြစ်မှုများကြောင့် ချင်းအမျိုး သားများစွာ နိုင်ငံခြားတိုင်းပြည်များသို့ ထွက်ခွါနေကြရခြင်းသည် ချင်းအမျိုးသားတည်တံ့ရေးနှင့် အမျိုးသားလုံခြုံရေးကို ထိပါးနေသဖြင့် စိုးရိမ်မကင်းဖြစ်ကြောင်းနှင့်၊ ဤကိစ္စသည် ချင်းအမျိုးသား တရပ်လုံး၏ အရေးဖြစ်သည့်အားလျော်စွာ၊ ပြည်တွင်းပြည်ပရှိ နိုင်ငံရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများ အားလုံးစုပေါင်း လက်တွဲကာ ဖြေရှင်းရန်လိုအပ်သည့် အမျိုးသားရေးပြသနာ တရပ်ဖြစ်ကြောင်း ဤညီလာခံက ဆုံးဖြတ်သည်။

ဤညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များက စတုတ္ထအကြိမ် ပါတီညီလာခံသက်တမ်း ကာလ ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဌအဖြစ် Pu Zing Cung, ဒုတိယဥက္ကဌ (၁) အဖြစ် Pu Thomas Thangnou, ဒုတိယဥက္ကဌ (၂) အဖြစ် Pu Thang Yen, အထွေထွေအတွင်းရေးမှူးအဖြစ် Pu Paul Si Tha, တွဲဖက် အထွေထွေ အတွင်းရေးမှူး (၁) အဖြစ် Dr. Sui Khar, တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) အဖြစ် Pu HC. Ral Hnin, နှင့်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ အဖြစ် Dr. Salai Ngun C. Lian, Pu Khua Uk Lian, Pu Solomon, တို့အပြင် ဗဟိုကော်မတီဝင် (၁၃) ဦးတို့ကို ရွေးချယ်တင် မြောက်လိုက်သည်။

စတုတ္ထအကြိမ်ပါတီညီလာခံ
ချင်းအမျိုးသားတပ်ဦး၊ ချင်းလဲန်း
ဒီဇင်ဘာလ ၁၃၊ ၂၀၀၈

ဆက်သွယ်ရန်-
Paul Si Tha - (91) 9436374073
Dr. Sui Khar – (91) 9612179238